# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
# ညွှန်ကြားချက်အမှတ်၊ ၅/၂၀၁၆
# နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၁) ရက်
# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်

၁။ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၂၅-၇-၂၀၁၆ ရက်နေ့တွင် ကျင်းပသော အသေးစားငွေရေး ကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ကြိမ်မြောက် အစည်း အဝေးဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤညွှန် ကြားချက်အမှတ် ၅/ ၂၀၁၆ ကို ထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေပေးချေနိုင်မှုအချိုး ၊ ငွေဖြစ်လွယ်မှု အချိုးနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ငွေပေးချေနိုင်မှုအချိုးသတ်မှတ်ခြင်း (Solvency Ratio)။ ငွေပေးချေနိုင်မှု အချိုး တွက်ချက်ပုံ ပြောင်းလဲမှုမရှိဘဲ အပ်ငွေလက်ခံသော အသေးစားငွေရေကြေးရေးအဖွဲ့ အစည်းများ လိုက်နာဆောင်ရွက်ရန် ငွေပေးချေနိုင်မှုအချိုးအား ၁၂% ထက် မနည်း စေရန် အမြဲထိန်းသိမ်းထားရမည်။

$$\text{ငွေပေးချေနိုင်မှုအချိုး} = \frac{\text{စုစုပေါင်းပိုင်ဆိုင်မှု}}{\text{စုစုပေါင်းရပိုင်ခွင့်}} = > ၁၂\%$$

$$\text{Solvency Ratio} = \frac{\text{Total Equity}}{\text{Total Asset}} = > 12\%$$

(ခ) ငွေဖြစ်လွယ်မှုအချိုး (Liquidity Ratio) သတ်မှတ်ခြင်း။ အပ်ငွေလက်ခံသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန် ငွေဖြစ်လွယ်မှု အချိုးအား ၂၅% ထက်မနည်းစေရန် အမြဲထိန်းသိမ်းထားရမည်။

$$\text{ငွေဖြစ်လွယ်မှုအချိုး} = \frac{\text{လက်ရှိငွေ+ဘဏ်ရှိငွေ}}{\text{စုစုပေါင်းဆန္ဒအလျောက်စုငွေ}} = > ၂၅\%$$

$$\text{Liquidity Ratio} = \frac{\text{Cash in Hand + Cash in Bank}}{\text{Total Voluntary Saving}} => 25\%$$

(ဂ) ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ကြွေးဆုံးလျာထားသတ်မှတ်ခြင်း။ ချေးငွေကာလအား ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အသင်းသားများသို့ ထုတ်ချေးသော ချေးငွေအားလုံးအတွက် ချေးငွေအတန်းစားခွဲခြားခြင်းနှင့် ကြွေးဆုံးလျာထားမှုအား အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

| ပေးချေရက်နောက်ကျမှု(Days Past Due) | | ကြွေးဆုံးလျာထားမှု |
|---|---|---|
| (က) | သာမန်ချေးငွေ(Current)<br>ပုံမှန်ပေးချေသောချေးငွေ | ၁% |
| (ခ ) | သာမန်အောက်ချေးငွေ(Sub-Standard)<br>ပေးချေရန်(၃၀)ရက်နောက်ကျသောချေးငွေ | ၁၀% |
| (ဂ ) | စောင့်ကြည့်အဆင့်ချေးငွေ(Watch)<br>ပေးချေရန်ရက်(၃၁)ရက်မှ(၆၀)ရက်အတွင်း<br>နောက်ကျသောချေးငွေ | ၅၀% |
| (ဃ) | သံသယဖြစ်ဖွယ်ချေးငွေ(Doubtful)<br>ပေးချေရန်ရက်(၆၁)ရက်မှ(၉၀)ရက်အတွင်း<br>နောက်ကျသောချေးငွေ | ၇၅% |
| (င ) | ဆုံးရှုံးချေးငွေ(Loss)<br>ပေးချေရန်ရက်(၉၁)ရက်ထက်ကျော်လွန်သော<br>ချေးငွေ | ၁၀၀% |
| (စ ) | ချေးငွေပြန်လည်ပေးဆပ်ရက်(၁)ကြိမ်ပြင်ဆင်မှု | ၅၀% |
| (ဆ) | ချေးငွေပြန်လည်ပေးဆပ်ရက်(၂)ကြိမ်ပြင်ဆင်မှု | ၁၀၀% |

၃။ အထက်ပါ အချက်များနှင့်စပ်လျဉ်း၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ယခင်ညွှန်ကြားချက်များကို ဤညွှန်ကြားချက်ဖြင့် ကျော်လွန် လွှမ်းမိုးလိုက်သည်။

ကျော်ဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

၄

အမိန့်အရ

(ဒေါက်တာစန္ဒာဦး)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ